# ကုန်သွယ်မှုနှင့်အကောက်ခွန်ရှင်းလင်းရေး လွယ်ကူချောမွေ့စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သဘောတူလက်မှတ်ရေးထိုးခြင်း (မူကြမ်း)

၂၀၂၃ ခုနှစ် စက်တင်ဘာလ (၂၉) ရက်နေ့၊ ဂျကာတာ - အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံမှ အကောက်ခွန်အဖွဲ့အစည်းများသည် ၎င်းတို့၏ သက်ဆိုင်ရာ အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူအစီအစဉ်အား အပြန်အလှန်အသိအမှတ်ပြုနိုင်ရန်အတွက် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုခြင်းအစီအစဉ် (ASEAN AEO Mutual Recognition Agreement / Arrangement - AAMRA) သည် အာဆီယံနိုင်ငံများ အကြား ကြိုတင်ခန့်မှန်းတွက်ဆနိုင်ပြီး ပွင့်လင်းမြင်သာမှုရှိသော ကုန်သွယ်မှုကို ဖြစ်ထွန်းပေါ်ပေါက် စေနိုင်မည်ဖြစ်ပါသည်။

အာဆီယံနိုင်ငံအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုခြင်းအစီအစဉ်(AAMRA)သည် အာဆီယံနိုင်ငံအသီးသီး၏ အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူဆိုင်ရာအစီအစဉ်တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အသိအမှတ်ပြု စံသတ်မှတ်ချက်များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံလိုက်လျောညီထွေမှုရှိပြီး ကမ္ဘာ့အကောက်ခွန် အဖွဲ့အစည်း၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုံခြုံချောမွေ့လွယ်ကူစေရန် ချမှတ်ထားသော လုံခြုံရေးဆိုင်ရာမူဘောင် စံသတ်မှတ်ချက်များ (SAFE Framework of Standard)နှင့် ကိုက်ညီမှုရှိစေရန် အာမခံပေးနိုင်သည့် အစီအစဉ်ဖြစ်ပါသည်။ အသိအမှတ်ပြုခံထားရသော အာဆီယံဒေသတွင်းရှိ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများသည် ဒေသတွင်း၌ ၎င်းတို့၏ ကုန်စည်များအား လျှင်မြန်စွာရှင်းလင်းထုတ်ယူနိုင်ခြင်းနှင့် ဦးစားပေးစစ်ဆေး ပေးခြင်းစသည့် အကျိုးခံစားခွင့်များရရှိမည်ဖြစ်ပါသည်။ အဆိုပါ အကျိုးခံစားခွင့်များသည် ကုန်စည်စီးဆင်းမှုကို ပိုမိုကောင်းမွန်သည့် ကြိုတင်ခန့်မှန်းနိုင်စွမ်းကြောင့် ကုန်ကျစရိတ် ပိုမိုသက်သာစေမည်ဖြစ်ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်းပါ စီမံချက်များအား ၂၀၂၅ ခုနှစ်တွင် အပြည့်အဝအကောင် အထည်ဖော်ရမည်ဖြစ်ရာ AAMRA သည် အာဆီယံဒေသတွင်းကုန်စည်စီးဆင်းမှုအား လွယ်ကူ ချောမွေ့စေခြင်းနှင့် အဟန့်အတားများအား လျှော့ချပေးခြင်းဖြင့် ကုန်သွယ်မှုအား အထောက် အကူပြုမည်ဖြစ်သည်။

အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn မှလည်း “AAMRA သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်းကုန်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ရန်၊ ကုန်စည်များလွယ်ကူချောမွေ့စွာစီးဆင်းနိုင်စေရန်တို့အတွက် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း” အလေးပေးပြောကြားခဲ့ပါသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းများအနေဖြင့် မလိုအပ်သောအဟန့်အတားများအား လျှော့ချပေးခြင်းနှင့် ကုန်စည်စီးဆင်းမှုအားကြိုတင်ခန့်မှန်းနိုင်ခြင်းတို့ကြောင့် ကုန်ကျစရိတ်များပိုမိုသက်သာစေပြီး ကုန်သွယ်မှုကွင်းဆက်ချိတ်ဆက်မှု အားကောင်းစေရန်အတွက် AAMRA သည် အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်ကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

နိုင်ငံတွင်းလုပ်ငန်းစဉ်များပြီးစီးမှုအပေါ်မူတည်၍ ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်္ကာပူနိုင်ငံစသည့် (၆) နိုင်ငံတို့သည် အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုခြင်းအစီအစဉ်အား ၂၀၂၃ ခုနှစ်ကုန်ခါနီး၌ ရှေ့ပြေးစီမံချက် (၆)လ အကောင်အထည်ဖော်မည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် တတိယလေးလပတ်၌ အပြည့်အဝ အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်တွင် ကျန်ရှိသည့် အာဆီယံ(၄)နိုင်ငံသည် ဒုတိယအကြိမ် ရှေ့ပြေးစီမံချက် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် မျှော်မှန်းထားပါသည်။